# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့

**အမိန့်ကြော်ငြာစာအမှတ်  ၇၀  / ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက အငြိမ်းစားဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ခန့်အပ်ရန်လိုအပ်သဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ အဆိုပြုတင်ပြရာတွင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) နှင့်အညီ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သတ်မှတ်လိုက်သည်။

၁။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက ခန့်ထားလိုသော ရာထူးအဆင့်အတွက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းများနှင့် ကိုက်ညီရမည့်အပြင် လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများထက် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း ထူးကဲသာလွန်၍ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းအတွက် စွမ်းစွမ်းတမံ အထောက်အကူပြုပံ့ပိုးပေးနိုင်သော အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အငြိမ်းစားဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ်များကို ခန့်ထားနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ အဆိုပြုတင်ပြနိုင်သည် -

(က) **အဆိုပြုနိုင်သည့်ရာထူးအဆင့်။** လက်ထောက်ညွှန်ကြားရေးမှူးရာထူးနှင့် လစာနှုန်းတူ ရာထူးအဆင့်၊ ဒုတိယညွှန်ကြားရေးမှူးရာထူးနှင့် လစာနှုန်းတူ ရာထူးအဆင့်များကိုသာ ခန့်ထားနိုင်ရေး အဆိုပြုတင်ပြရမည်။

(ခ) **အငြိမ်းစားဝန်ထမ်းအတွက် သတ်မှတ်ချက်**

(၁) လျော်ကြေးပင်စင်ခံစားခဲ့သည့် အငြိမ်းစားဝန်ထမ်းကိုသာ အဆိုပြုတင်ပြရမည်။

(၂) လက်ရှိခံစားနေသည့် ပင်စင်လစာနှင့် လုပ်သက်ဆုငွေကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၇ မှ နည်းဥပဒေ ၂၄၀ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(၃) အသက် ၄၅ နှစ်ထက်မကျော်လွန်စေရ။

(၄) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၅) ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်။

(၆) နိုင်ငံရေးပါတီတစ်ခုခုတွင် ပါဝင်နေသူဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်ခန့်အပ် တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ ပါတီဝင်အဖြစ်မှ နုတ်ထွက်ရမည်။

(ဂ) **ပြင်ပပုဂ္ဂိုလ်အတွက် သတ်မှတ်ချက်**

(၁) အသက် ၄၅ နှစ်ထက် မကျော်လွန်စေရ။

(၂) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၃) ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်။

(၄) မိမိသဘောဆန္ဒအလျောက် ဝန်ထမ်းအဖြစ်မှ နုတ်ထွက်သူများမဖြစ်စေရ။

(၅) နိုင်ငံရေးပါတီတစ်ခုခုတွင် ပါဝင်နေသူဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည် ခန့်အပ် တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ ပါတီဝင်အဖြစ်မှ နုတ်ထွက်ရမည်။

၂။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ပြင်ပပုဂ္ဂိုလ်များအား ခန့်ထားရာတွင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ခံစားခွင့်ကို ဆုံးရှုံးနစ်နာမှုမရှိစေရန် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းအတွက် အမှန်တကယ် လိုအပ်မှသာ ခန့်ထားလိုသည့်ရာထူး၏ အလုပ်တာဝန်လိုအပ်ချက်နှင့်ကိုက်ညီသော ပညာရှင်ဝန်ထမ်းများကို ခန့်ထားနိုင်ရေး အဆိုပြုတင်ပြရမည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

စာအမှတ်၊ ၃၃၂၀ / ရအဖ / ၁ / ၂၀၁၈
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

<u>ပြည်ထောင်စုရာထူးဝန်အဖွဲ့</u>
- ဝန်ထမ်းရေးရာဦးစီးဌာန
- ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
- ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)
- ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)

နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်

ရုံးလက်ခံ/မျှော

အမိန့်အရ

( ခင်မောင်ဝင်း )
အမြဲတမ်းအတွင်းဝန်